Legal Aid Network
ဥပဒေ အထောက်အကူပြုကွန်ရက်
Email:- legalaidnetwork@gmail.com website:- legalaidnetwork.org

**စစ်ကောင်စီ၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က NLD ကို ဖျက်သိမ်းမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်နှင့် ဆက်စပ်၍ NLD/CRPH/NUGသည် အချိန်အခါမလင့် ပြတ်သားသော မူဝါဒများချမှတ်ပြီး အာဏာရှင်ဖြုတ်ချနိုင်ရေး ဆောင်ရွက်ရန် တိုက်တွန်းထုတ်ပြန်ချက်**

စစ်ကောင်စီက ခန့်အပ်လိုက်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က NLD ကို ဖျက်သိမ်းမည် ဖြစ်ကြောင်းကြေငြာလိုက်ပြီ ဖြစ်သည်။ ဤသည်မှာ အခြေခံအားဖြင့် အာဏာရှင်စနစ်နှင့် ဒီမိုကရေစီ မစေ့စပ်စတမ်း အပြတ်ရှင်းရမည့် ပဋိပက္ခ အဆင့်သို့ရောက်သွားပြီဖြစ်ကြောင်း အတိအလင်းတွေ့ မြင်လိုက်ရခြင်း ဖြစ်သည်။ NLD/CRPH/NUG သည်တွေဝေနေရန်အချိန်မဟုတ်တော့။ တိုင်းရင်းသားပေါင်းစုံလူထုကြီးတရပ်လုံးအပါအဝင် တိုင်းရင်းသားပြည်နယ်များအနေဖြင့် NLD/CRPH/NUG ဘက်မှ ရပ်တည်ကာ စစ်ကောင်စီကို အပြတ်ဆန့်ကျင် တိုက်ပွဲဝင်နိုင်ရေးအတွက် အောက်ပါ မူဝါဒများအား အတိအလင်း ထုတ်ပြန် ကြေညာပေးရန် တောင်းဆိုပါသည်။

(၁) နိုင်ငံတကာပြစ်မှုကြီးများ ကျူးလွန်သည့် အဆင့်အထိရောက်ပြီး နိုင်ငံတကာ၏ အရေးယူမှုကို ခံနေရပြီဖြစ်သော မင်းအောင်လှိုင်ခေါင်းဆောင်သည့် စစ်ကောင်စီနှင့် မည်သည့်အခါမျှ မဆွေးနွေးဘဲပြတ်ပြတ်သားသားတိုက်ပွဲဝင်သွားမည်။ တရားဥပဒေစိုးမိုးရေးအရ ပြစ်မှုကျူး လွန်သူများကို အပြစ်ပေးအရေးယူနိုင်ရန်နှင့် ကျူးလွန်ခံရသူများအတွက် တရားမျှတမှုနှင့် ပြန်လည်ကုစားမှု တို့ကို ဖော်ဆောင်ပေးမည်။

(၂) ၁၉၄၇ ပင်လုံစာချုပ်အရ တိုင်းရင်းသားပြည်နယ်များတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အခွင့်အရေး ရာနှုန်းပြည့် ပေးနိုင်ရေးအတွက် စစ်ကောင်စီကို ဆန့်ကျင်တိုက်ပွဲဝင်နေစဉ် အတွင်းမှာပင် မည်ကဲ့သို့ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကြေညာသွားမည်။

(၃) ယင်းသို့ပေးနိုင်ရေးအတွက် FCDCC ဖက်ဒရယ် ဖွဲ့စည်းပုံ (ဒုတိယမူကြမ်း) အား ယာယီ အတည်ပြုပြီး၊ ယင်းအပေါ်အခြေခံရေးဆွဲထားသည့် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေ တရပ်ရပ်အား (စစ်အာဏာရှင်စနစ်နှင့် စစ်ကောင်စီကို တိုက်ပွဲဝင်နေသည့် ကြားကာလ အတွက်) အတည်ပြုကျင့်သုံးသွားမည်။

(၄) ယင်းဖွဲ့စည်းပုံများအပေါ် အခြေခံပြီး (ရိုဟင်ဂျာလူထုများ နိုင်ငံသားဖြစ်ခွင့် အပါအဝင်) အခြား သက်ဆိုင်ရာ လူထုများပါ နိုင်ငံသားအခွင့်အရေး ခံစားနိုင်ရေးအတွက် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို ဖျက်သိမ်းပြီး နိုင်ငံသားဥပဒေသစ်တရပ်ကို ရေးဆွဲအတည်ပြုကျင့်သုံးသွားမည်။[1]

(၅) NLD ပါတီ နှင့် ပြည်နိုင်ဖြိုးအပါအဝင် မြန်မာလူမျိုးခေါင်းဆောင် အများစုကြီးဖြင့် ဖွဲ့စည်းထားသော နိုင်ငံရေးပါတီကြီးများက တိုင်းရင်းသားပြည်နယ်များတွင် အမြဲတမ်းအနိုင်ရနေစေရန် စီစဉ်ချမှတ်ထားသော ရွေးချယ်တင်မြှောက်ပုံစနစ်၊ ရွေးကောက်ပွဲဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်ပြင်ဆင်သွားမည်။ သက်ဆိုင်ရာ တိုင်းရင်းသားပြည်နယ်များအလိုက် ၎င်းတို့၏ လွှတ်တော်များက ရွေးကောက်ပွဲဥပဒေများရေးဆွဲခြင်း၊ ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်း နှင့် ရွေးကောက်ပွဲကျင်းပခြင်းများအား အသိအမှတ်ပြု ပံ့ပိုးဆောင်ရွက်သွားမည်။

(၆) သက်ဆိုင်ရာပြည်နယ်များအတွင်း သဘာဝသယံဇာတထွက်ရှိခြင်းမှ ရရှိသောဝင်ငွေများအား အခြေခံအားဖြင့် ၎င်းပြည်နယ်အား အသုံးပြုခွင့်ရစေမည်။ ဖက်ဒရယ်ပြည်ထောင်စုအတွက် ရာခိုင်နှုန်းအချိုးအစားတခု ခံစားနိုင်ရေးကို သက်ဆိုင်ရာ တိုင်းရင်းသားပြည်နယ်နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်။

(၇) စစ်ကောင်စီကို တိုက်ပွဲဝင်နေသည့် ယနေ့အချိန်မှာပင် ပြည်ထောင်စုကြီးတခုလုံးအတွက် ကိုယ်စားပြုလက်ခံပြီးရရှိလာသော ဝင်ငွေများ၊ လှူဒါန်းငွေများ အားလုံးအား CDM လှုပ်ရှားမှုကြီး၏ မည်သည့်ကဏ္ဍအတွက်မည်မျှ၊ လူထုကျန်းမာရေး နှင့် ကလေးသူငယ်နှင့် လူငယ်များပညာရေးအတွက်မည်မျှ၊ အကြမ်းဖက်ခုခံဆန့်ကျင်သည့်အဆင့်ကို ကျင့်သုံးလာရသော လူထုတိုက်ပွဲများအတွက်မည်မျှ စသဖြင့် အသုံးပြုကြောင်း ပုံမှန်စာရင်းထုတ်ပြန်ကြေငြာမည်။ ထို့ပြင် သက်ဆိုင်ရာပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီ ပြည်နယ်အစိုးရများဖွဲ့စည်းပေါ်ပေါက်လာပါက ၎င်းအစိုးရများအား အချိုးအစားအလိုက် ခွဲဝေထောက်ပံ့သွားမည်။

**ဥပဒေအထောက်အကူပြုကွန်ရက်** **မေလ ၂၁ ရက် ၂၀၂၁ ခုနှစ်။**

**အသေးစိတ်သိရှိလိုလျှင် ဆက်သွယ်ရန်**

---

[1] ဥပဒေအထောက်အကူပြုကွန်ရက်၊ ရိုဟင်ဂျာတို့အား နိုင်ငံသားပေးခြင်းနှင့် အမေရိကန်နိုင်ငံ၏ အသိအမှတ်ပြုမှု၊ မေလ ၅ ရက် ၂၀၂၁ ခုနှစ်
https://drive.google.com/file/d/1_DXlCcd89PX2TMuBSxTjUHnG7h-VdenD/view?usp=sharing
Legal Aid Network (LAN), 'A legal analysis of the citizenship issue surrounding Rohingya in connection with the congress hearing, where lawmakers stressed that they cannot support National Unity Government unless it recognizes the citizenship of the Rohingya minority; and, why the Rohingya should be granted Myanmar citizenship' 5 May 2021:
https://drive.google.com/file/d/17Qz2kdz_vNjKkkRAs9nrZibSM2VGhD0j/view?usp=sharing

Mr. Aung Htoo, M.A (Human Rights) R.L., Human Rights Lawyer
Program on Teaching Human Rights Law, Columbia University, New York, USA.
Founder of Legal Aid Network (LAN) and Principal of Federal Law Academy
E.mail: legalaidnetwork@gmail.com
Website: legalaidnetwork.org
Tel: (46) 76 1156 215

Mr. Adalgiso Montinari: M.A Conflict Studies and Human Rights, University of Utrecht, The Netherlands.
Senior Researcher & Program Facilitator - Legal Aid Network (LAN)
E.mail: legalaidnetwork@gmail.com

Mr. Kyaw Kyaw, B.Sc (Geology)
Strategy & Policy Consultant
Legal Aid Network (LAN)
E.mail: kyawkyaw@legalaidnetwork.org

Ms. Lu Awng (LL.B, B.A Com Arts)
Advocacy Coordinator, Legislative Assemblies
Legal Aid Network (LAN)
Email: lu.awng@legalaidnetwork.org

Ms. Ja Nu Pan (LL.B, LL.M, Ph.D)
Advocacy Coordinator for Legal and Constitutional Campaign
Legal Aid Network (LAN)
E.mail: janupan@legalaidnetwork.org

Mr. Lahpai Naw San (LL.B, D.L)
Advocacy Coordinator to Ethnic Resistance Organizations
Legal Aid Network (LAN)
E.mail: lahpai.nawsan@legalaidnetwork.org

Ms. Roi San Awng (LL.B, DBL, DML)
Advocacy Coordinator to National Legal Communities
Legal Aid Network (LAN)
E.mail: roisanawng@legalaidnetwork.org